၁။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအကြံပေးအဖွဲ့ (Financial Intelligence Consultative Group – FICG) မှ မြန်မာနိုင်ငံ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (Myanmar Financial Intelligence Unit–MFIU) သို့ အရှေ့တောင်အာရှဒေသအတွင်း အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအတွက် Cryptocurrencies ကို အသုံးပြု၍ အကြမ်းဖက်မှုအပေါ်ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့်ပတ်သက်သော စာတမ်းအားသိရှိနိုင်ရန် ပေးပို့လာခြင်းဖြစ်ပါသည်။

၂။ အဆိုပါစာတမ်းသည် အရှေ့တောင်အာရှဒေသအတွင်း အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတိုင်းတွင် ခြိမ်းခြောက်မှုအန္တရာယ်များ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်းအား ငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့် သတင်းပို့အဖွဲ့အစည်းများကို အသိပညာမျှဝေပါကြောင်းနှင့် အရှေ့တောင်အာရှဒေသအတွင်း Cryptocurrencies နှင့်ပတ်သက်၍ ဆောင်ရွက်ချက်မှာ အောက်ပါအတိုင်းဖြစ်ကြောင်း ဖော်ပြပါရှိပါသည်–

(က) **ဩစတြေးလျနိုင်ငံ။** ဒစ်ဂျစ်တယ်ငွေကြေးအတွက် အစိုးရက တရားဝင်ထုတ်ပြန်သော ငွေကြေး (fiat) ကို လဲလှယ်သည့်လုပ်ငန်းများနှင့် ဆက်စပ်နေသည့် ဒစ်ဂျစ်တယ်ငွေကြေးလဲလှယ်ပေးသူများ (Digital Currency Exchange Providers – DCEPs) ကို ဩစတြေးလျနိုင်ငံ၊ ငွေကြေးလွှဲပြောင်းမှု သတင်းပို့ချက်များနှင့် စိစစ်ရေးဌာနမှ ၂၀၁၈ ခုနှစ်၊ ဧပြီလမှစ၍ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း၊ ဒစ်ဂျစ်တယ်ငွေကြေးလဲလှယ်ပေးသူများသည် ဒစ်ဂျစ်တယ်ငွေကြေးလဲလှယ်သည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုမီ ဩစတြေးလျနိုင်ငံ၊ ငွေကြေးလွှဲပြောင်းမှု သတင်းပို့ချက်များနှင့် စိစစ်ရေးဌာနတွင် မှတ်ပုံတင်ရမည်ဖြစ်ကြောင်း၊

(ခ) **ဘရူနိုင်းဒါရုဆလမ်နိုင်ငံ။** ဗဟိုဘဏ်မှတစ်ဆင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေပြင်ပသို့ရောက်နေသော Virtual Asset ဝန်ဆောင်မှုပေးသူများကို မှတ်ပုံတင်ရန်နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဗဟိုဘဏ်၏ ၂၀၁၁ ခုနှစ်၊ ဥပဒေပုဒ်မ ၅၄ (၁) အောက်ရှိ ငွေပေးချေမှုလုပ်ငန်းစနစ်များ ဆောင်ရွက်နေသူများအပေါ် သတိပေးချက်များ ထုတ်ပြန်ခဲ့ပါကြောင်း၊

(ဂ) **ကမ္ဘောဒီးယားနိုင်ငံ။** ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (Cambodia Financial Intelligence Unit – CAFIU)သည် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာအန္တရာယ်များကို သတင်းပို့အဖွဲ့အစည်းများ သတိပြုမိစေရန်နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်သော သံသယဖြစ်ဖွယ်လွှဲပြောင်းမှုများကိုသတင်းပို့ရန် အချက်အလက်များအား နောက်ဆုံးအခြေအနေနှင့်ကိုက်ညီရန် မွမ်းမံပြင်ဆင်ထားကြောင်း၊

(ဃ) **အင်ဒိုနီးရှားနိုင်ငံ။** Cryptocurrencies ကို အရောင်းအဝယ်ပြုလုပ်နိုင်သော ကုန်စည်တစ်ခုအဖြစ်သတ်မှတ်ပြီး ကုန်စည်ရောင်းဝယ်မှုဆိုင်ရာ ကြီးကြပ်ရေးကော်မရှင်မှ ကြီးကြပ်ထားကြောင်း၊ Cryptocurrencies ကို ငွေပေးချေမှုဆိုင်ရာ ကြားခံကိရိယာတစ်ခုအဖြစ် အင်ဒိုနီးရှားနိုင်ငံ၏ ငွေကြေးဆိုင်ရာဥပဒေအရ ခွင့်ပြုမထားကြောင်း၊

(င) **လာအိုနိုင်ငံ။** Cryptocurrencies အား ရောင်းဝယ်မှုပြုလုပ်သည့် လုပ်ငန်းများကို ကြီးကြပ်သည့် စည်းမျဉ်းအသစ်များကို ထုတ်ပြန်ခဲ့ကြောင်း၊

(စ) **မလေးရှားနိုင်ငံ။** ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT) ဆိုင်ရာ ပြဋ္ဌာန်းချက်များအား Virtual Assets (VA) နှင့် Virtual Asset ဝန်ဆောင်မှုပေးသူများ (VASP) များမှ လိုက်နာဆောင်ရွက်စေရေး ကြီးကြပ်သည့် အာဏာပိုင်အဖွဲ့အစည်းမှာ မလေးရှားနိုင်ငံကြီးကြပ်ရေးကော်မရှင် (Securities Commission –SC) ဖြစ်ပါ**ကြောင်း၊**

(ဆ) **မြန်မာနိုင်ငံ။** Virtual Assets ဝန်ဆောင်မှုပေးသူများ (VASP) နှင့် ဒစ်ဂျစ်တယ် Cryptocurrencies ကို ခွင့်ပြုမထားကြောင်း၊

(ဇ) **နယူးဇီလန်နိုင်ငံ။** Virtual Assets ဝန်ဆောင်မှုပေးသူများ (VASP) ကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT) ဆိုင်ရာ ဥပဒေအရ 'ဘဏ္ဍာရေးအဖွဲ့အစည်းများ' အဖြစ် သတ်မှတ်ထားကြောင်း၊

(ဈ) **ဖိလစ်ပိုင်နိုင်ငံ။** ဖိလစ်ပိုင်ဗဟိုဘဏ် (BSP) သည် Virtual Asset ဝန်ဆောင်မှုပေးသူများ (VASP) ဆိုင်ရာ လမ်းညွှန်ချက်ကို ထုတ်ပြန်ထားကြောင်းနှင့် VASP များသည် ငွေကြေးဆိုင်ရာ စီးပွားရေးဝန်ဆောင်မှုလုပ်ငန်း (Money Service Business –MSB) ဆောင်ရွက်ရန်အတွက် ထုတ်ပေးသည့်အာဏာပိုင်လက်မှတ်ရှိရမည်ဖြစ်ပြီး ဘဏ်မဟုတ်သော ငွေကြေးအဖွဲ့အစည်းများအတွက် ထုတ်ပြန်ထားသည့် ကြီးကြပ်ရေးလက်စွဲပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရကြောင်း။

(ည) **စင်ကာပူနိုင်ငံ။** ငွေကြေးဆိုင်ရာအာဏာပိုင်အဖွဲ့သည် စင်ကာပူနိုင်ငံရှိဒစ်ဂျစ်တယ် ငွေကြေးလဲလှယ်နိုင်သော တုံကင်လက်မှတ် (**Digital payment token**) ဝန်ဆောင်မှုပေးသူများကို ကြီးကြပ်ရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် ငွေပေးချေမှုဆိုင်ရာဝန်ဆောင်မှုဥပဒေ (Payment Services – PSAct) ကိုစတင် ပြဋ္ဌာန်းဆောင်ရွက်ခဲ့ကြောင်း၊

(ဋ) **ထိုင်းနိုင်ငံ။** ၂၀၁၈ ခုနှစ်၊ ဒစ်ဂျစ်တယ်ပစ္စည်းပိုင်ဆိုင်မှုလုပ်ငန်းဆိုင်ရာ အရေးပေါ်ဥပဒေပြဋ္ဌာန်း၍ ဒစ်ဂျစ်တယ်ပိုင်ဆိုင်မှုများနှင့်ဆက်စပ်သော စီးပွားရေးလုပ်ငန်းများနှင့် လုပ်ဆောင်မှုများကို ကြီးကြပ်ကွပ်ကဲပါကြောင်း၊

(ဌ) **ဗီယက်နမ်နိုင်ငံ။** Virtual Asset ဝန်ဆောင်မှုပေးသူများ (VASP) ကို လက်ရှိတွင် ထိန်းချုပ်ကြီးကြပ်ထားခြင်း မရှိပါ**ကြောင်း၊**

၃။ ထို့အပြင် အဆိုပါစာတမ်းတွင် အောက်ပါအကြောင်းအရာများလည်းဖော်ပြပါရှိပါသည်–

(က) ငွေကြေးခဝါချမှု၊ လိမ်လည်မှုများနှင့် ဆက်နွယ်သောမှုခင်းအမျိုးအစားများတွင် Cryptocurrencies ကို တစ်နည်းနည်းဖြင့် အသုံးပြုလျက်ရှိကြောင်း၊

(ခ) Cryptocurrencies ကို တရားဝင်လုပ်ငန်းများအတွက် အသုံးပြုမှုများလာသည်နှင့်အမျှ သမားရိုးကျမှုခင်းအမျိုးအစားများတွင်လည်း Cryptocurrencies ကို အသုံးချသောပြစ်မှုကျူးလွန်သူများ တိုးပွားလာဖွယ်ရှိကြောင်း၊

(ဂ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆောင်ရွက်ရာတွင် Cryptocurrencies ကို လက်ခံသုံးစွဲမှုများလာသည်နှင့်အမျှ ၎င်းအားရွေးချယ်စရာအဖြစ် ပိုမိုဆွဲဆောင်စေလျက်ရှိကြောင်း၊

(ဃ) Bitcoin သည် တရားမဝင်လုပ်ငန်းများတွင် ပိုမိုကျယ်ပြန့်စွာ လက်ခံသုံးစွဲလာသည့် အဓိက Cryptocurrency တစ်ခုဖြစ်လာခဲ့ပြီး Ethereum၊ Ripple၊ Tether, Litecoin များကဲ့သို့ Cryptocurrencies များကိုလည်း သာမန်ငွေကြေးဆိုင်ရာမှုခင်းများနှင့် ဒုစရိုက်ဈေးကွက်များတွင် ပိုမိုသုံးစွဲလာကြောင်း သံသယဖြစ်ဖွယ်ဆောင်ရွက်မှု သတင်းပို့ချက်များက ညွှန်ပြနေကြောင်း၊

(င) Cryptocurrency ၏ အခန်းကဏ္ဍပြောင်းလဲလာမှုနှင့် ပိုမိုကျယ်ပြန့်စွာသုံးစွဲလာမှုတို့ကြောင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ရာတွင် အသုံးပြုနေသည့် Cryptocurrencies များ၏ခြိမ်းခြောက်မှုနှင့် သက်ရောက်မှုများသည် အချိန်အနည်းငယ်အတွင်း မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း၊

(စ) ငွေကြေးဆိုင်ရာ အသေးစိတ်အချက်အလက်များကို မျှဝေခြင်းသည် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုလုပ်ငန်းများကို ဖော်ထုတ်ရာတွင် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ/ သတင်းပို့အဖွဲ့အစည်းများကို အသိပညာမျှဝေခြင်းနှင့် FIU များသို့ပေးပို့သည့် သံသယဖြစ်ဖွယ်ဆောင်ရွက်မှု သတင်းပို့ချက်များ၏အရည်အသွေးကို မြှင့်တင်ပေးရာရောက်မည်ဖြစ်ကြောင်း၊

(ဆ) Cryptocurrencies သည် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ဆက်နွှယ်နေကြောင်း သံသယဖြစ်ဖွယ်သတင်းပို့ချက်အနည်းငယ်ကို FIU များမှလက်ခံရရှိထားပြီး အဆိုပါသတင်းပို့ချက်အစီရင်ခံစာတွင် အယ်လ်ကိုင်ဒါ (Al-Qaeda) ကဲ့သို့ ဘာသာရေးအရ အစွန်းရောက်အုပ်စုများနှင့် အတွေးအခေါ်အယူအဆပိုင်းဆိုင်ရာ အစွန်းရောက်သော အကြမ်းဖက်အုပ်စုများ၏ ဆောင်ရွက်မှုများလည်းပါဝင်ကြောင်း၊

(ဇ) အယ်လ်ကိုင်ဒါနှင့်ဆက်နွှယ်နေသည့် အကြမ်းဖက်အဖွဲ့များသည် Cryptocurrencies များကို အလှူငွေများအဖြစ်ထည့်ဝင်ကြရန် တောင်းခံလျက်ရှိပြီး အယ်လ်ကိုင်ဒါနှင့် အခြားသောအကြမ်းဖက်အုပ်စုများသည် Bitcoin အလှူငွေများကို တောင်းခံရန်အတွက် Telegram နှင့် Twitter အပါအဝင် ဆိုရှယ်မီဒီယာများကို အသုံးပြုလျက်ရှိကြောင်း။